## အစီရင်ခံစာ အမှတ် ၆၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၆
## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဤအစီရင်ခံစာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့မှ အောက်တိုဘာ ၆ ရက်နေ့အထိ ဆောင်ရွက်ချက်များကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာမှာ ရေဘေးနှင့်စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်မှုကော်မတီမှ ထုတ်ပြန်သည့် အရေးပေါ်အခြေအနေဆိုင်ရာ နောက်ဆုံးအစီရင်ခံစာဖြစ်ပါသည်။

### သတင်းခေါင်းစဉ်



ဓါတ်ပုံ-မြန်မာသတင်းစဉ်

စက်တင်ဘာလ ၂၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်မှ ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေဘေးနှင့်မြေပြိုမှုများကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည့် ချင်းပြည်နယ်သို့သွားရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံခဲ့ပြီး၊ ဟားခါးမြို့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။ ချင်းပြည်နယ်တွင် မြေပြိုမှုကြောင့် နေအိမ်(၃၀၀၀)နီးပါး ထိခိုက်ပျက်စီးခဲ့ပြီး အိမ်ထောင်စုများအနေဖြင့် ၎င်းတို့မူလနေထိုင်သည့်နေရာတွင် ဆက်လက်နေထိုင်ရန် အန္တရာယ်ရှိနိုင်သည့်အတွက် အဆိုပါအိမ်ထောင်စုများကို နေရာရွှေ့ပြောင်းပေးသွားရန် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအား အိမ်ထောင်စုများ ရွှေ့ပြောင်းနေရာချထားခြင်းကို ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ၎င်းအိမ်ထောင်စုများလိုအပ်သည့် ရေ၊ လျှပ်စစ်မီး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများစသည့် အခြေခံလိုအပ်ချက်များနှင့် အခြေခံအဆောက်အအုံများကို ပြည့်စုံအောင် ဖြည့်ဆည်းပေးသွားနိုင်ရန်အတွက် အမြန်ဆုံးမဟာဗျူဟာ ချမှတ်ဆောင်ရွက်သွားရန် လမ်းညွှန်ပြောကြားခဲ့သည်။ အောက်တိုဘာလလယ်မှစတင်မည့် ဆောင်းရာသီမတိုင်မီ ယာယီနေထိုင်ရန်အမိုးအကာများလုံလောက်စွာပံ့ပိုးပေးနိုင်ရန် အရေးပေါ်လိုအပ်လျက်ရှိသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်မှ မြေပြိုမှုတွေ့ကြုံခံစားခဲ့ရသည့် ပြည်သူများအတွက် အဝတ်အထည်၊ စောင်နှင့်နေရောင်ခြည်စွမ်းအင်သုံးမီးအိမ်များကို ပေးအပ်ခဲ့သည်။

စက်တင်ဘာ(၃၀)ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်ခဲ့ပြီး ဆည်နှင့်တာတမံများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ နိုင်ငံတော်သမ္မတကြီးမှ မိုးရာသီမကုန်ဆုံးမီ ဆန်စပါးများ အချိန်မီပြန်လည်မစိုက်ပျိုးနိုင်သည့် လယ်သမားများအတွက် ဆောင်းရာသီအတွင်း အခြားအစားထိုးသီးနှံများစိုက်ပျိုးသွားနိုင်ရန် နိုင်ငံတော်မှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ဒေသတွင်းအာဏာပိုင်များနှင့် အစိုးရပိုင်းတာဝန်ရှိသူများကို တာတမံများ ကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်ရန်၊ ရေကြီးရေလျှံမှုကို ကာကွယ်နိုင်သည့် အစီအမံများပြုလုပ်သွားရန်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်ရှိ ငဝန်မြစ်တာတမံများကို မြှင့်တင်ဆောင်ရွက်သွားရန် လမ်းညွှန်ပြောကြားခဲ့သည်။



ဓါတ်ပုံ-မြန်မာအလင်းသတင်းစာ

## အဓိကသတင်းစကား

ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးမူဘောင်ရေးဆွဲမှု အထောက်အကူပြုအစည်းအဝေးများကို စက်တင်ဘာလ(၁၄)ရက်မှ (၂၄)ရက်အတွင်းတွင် ကျင်းပခဲ့ပါသည်။ စက်တင်ဘာလ(၁၄)ရက်နေ့တွင် ရေဘေးဒဏ်ကြောင့်အများဆုံးထိခိုက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီ၊ အစိုးရဝန်ကြီးဌာနများပါဝင်သည့် ညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးကို နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဉာဏ်ထွန်းမှ နိုင်ငံတော်အစိုးရ၏ပြန်လည်ထူထောင်ရေးမူဘောင်ချမှတ်နိုင်ရေးအတွက် ကဏ္ဍအလိုက်မဟာဗျူဟာများရေးဆွဲနိုင်ရန်ပျက်စီးဆုံးရှုံးမှုဆိုင်ရာအချက်အလက်များ တိကျစွာကောက်ယူရေး၏ အရေးပါပုံကိုအဓိကထားပြောကြားခဲ့ပါသည်။ ထို့အပြင် ဒုတိယသမ္မတမှ အရင်းအမြစ်များရရှိအောင်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ချမှတ်ထားသည့်ကျေးလက်ဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကဲ့သို့သော နိုင်ငံတော်အစိုးရ၏မူဝါဒများ၊ ၂၀၁၅ နောက်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကဲ့သို့သော ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာလမ်းညွှန်မှုများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရေးတို့မှာ အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။ ဒုတိယသမ္မတအနေဖြင့် အနာဂတ်တွင်ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ကိုလျှော့ချသွားနိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ဘေးအန္တရာယ်လျော့ပါးရေးကိုထည့်သွင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကိုလည်း အလေးထားပြောကြားခဲ့ပါသည်။



PFLNA အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပစဉ်
ဓါတ်ပုံ-လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံရေဘေးနှင့် မြေပြိုမှုနောက်ပိုင်း လိုအပ်ချက်အခြေအနေ လေ့လာဆန်းစစ်မှု လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ပူးပေါင်း၍ စက်တင်ဘာလ(၂၄)ရက်နေ့တွင် နေပြည်တော်၌ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယသမ္မတဦးဉာဏ်ထွန်းမှ ပျက်စီးဆုံးရှုံးမှုအခြေအနေ လေ့လာဆန်းစစ်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ကြီးကြပ်သွားရန်အတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ကို ဖွဲ့စည်းထားကြောင်း ပြောကြားခဲ့ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဘုန်းဆွေက မြို့နယ်အဆင့်အခြေအနေ လေ့ လာဆန်းစစ်မှုမှ ကောက်ယူရရှိခဲ့သည့် ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက်ဆိုင်ရာ အချက်အလက်များကို တင်ပြခဲ့ပါသည်။ ကမ္ဘာ့ဘဏ်မှ ရေဘေးနှင့်မြေပြိုမှုနောက်ပိုင်း လိုအပ်ချက် အခြေအနေ လေ့လာဆန်းစစ်မှုမူဘောင်နှင့် ဆောင်ရွက်ရမည့်နည်းလမ်းများကို တင်ပြခဲ့ပါသည်။ အစိုးရဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ နိုင်ငံတကာနှင့်ပြည်တွင်းမှ အစိုးရမဟုတ်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများပါဝင်သည့်ကဏ္ဍအလိုက်အဖွဲ့များမှလည်း ရေဘေးနှင့်မြေပြိုမှုနောက်ပိုင်း လိုအပ်ချက်အခြေအနေလေ့လာဆန်းစစ်မှု၏ အဓိကကဏ္ဍ(၄)ရပ်ဖြစ်သော စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အဦနှင့် အခြားထည့်သွင်းဆောင်ရွက်ရမည့် ကဏ္ဍများအတွက် ပြန်လည်ထူထောင်ရေး ဗျူဟာများချမှတ်နိုင်ရန်အတွက် ကနဦးအချက်အလက်များကို တင်ပြဆွေးနွေးခဲ့ပါသည်။







(၁၉-၉-၂၀၁၅)နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဘုန်းဆွေမှ တမူးမြို့နယ်ရှိ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍မြို့နယ်အဆင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးစဉ် ဓါတ်ပုံ-လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

စက်တင်ဘာလ(၁၆)ရက်မှ (၂၀)ရက်နေ့အတွင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့ဦး ဆောင်သည့်အဖွဲ့(၄)ဖွဲ့သည် ထိခိုက်ပျက်စီးမှုအများဆုံးရှိခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး(၅)ခုတို့တွင် မြို့နယ်အဆင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များချမှတ်နိုင်ရေးအတွက် မြို့နယ်အဆင့်အခြေအနေ လေ့လာဆန်းစစ်မှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အခြေအနေလေ့လာဆန်းစစ်မှုများတွင် အစိုးရပိုင်းတာဝန်ရှိသူများ၊ ဒေသတွင်းအစိုးရအုပ်ချုပ်ရေးအဖွဲ့များ၊

ကုလသမဂ္ဂနှင့်နိုင်ငံတကာမှ အစိုးရ မဟုတ်သည့်အရပ်ဘက်လူမှုအဖွဲ့အစည်းများ မြို့မိမြို့ဖများပါဝင်ခဲ့ကြပြီး ဘေးသင့်ခဲ့သည့်ရပ်ရွာလူထုများနှင့် တွေ့ဆုံဆွေးနွေးမှုများမှတဆင့် ပျက် စီးဆုံးရှုံးမှုအချက်အလက်များကို ကောက်ယူခဲ့ကြပါသည်။


ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ လူထုအခြေပြုနည်းများကို အခြေခံဆောင်ရွက်မည်ဖြစ်ပြီး အများပြည်သူနှင့်သက်ဆိုင်သည့်အခြေခံ အဆောက်အဦများကို ပြုပြင်တည်ဆောက်ခြင်း၊ ဘေးသင့်ခဲ့သည့်ပြည်သူများ၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းနှင့်အိုးအိမ်များဆုံးရှုံးခဲ့ရသည့် ပြည်သူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စက်တင်ဘာ(၁၈)ရက်မှ (၂၃)ရက်အတွင်းတွင် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ် ညှိနှိုင်းရေးလုပ်ငန်းကော်မတီမှ ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများတွင် အခြေခံအဆောက်အဦ၊ လူမှုရေးကဏ္ဍဆိုင်ရာဝန်ဆောင်မှုများ၊ လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာကဏ္ဍများကို အဓိကထားဆွေးနွေးခဲ့ကြပါသည်။ ရည်ရွယ်ချက်မှာ အမျိုးသားအဆင့်ပြန်လည်ထူထောင်ရေးမူဘောင်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ်များကိုချမှတ်ရေးဆွဲနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်း၊ ပြင်ဆင်ဆောင် ရွက်နိုင်ရန်ဖြစ်ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲများအတွင်းတွင် ဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသည့်၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ပြီး၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကနဦးပြန်လည်ထူထောင်ရေးကာလအတွင်း ညှိနှိုင်းဆောင် ရွက်မှုများမြှင့်တင်ရေး၊ သတင်းအချက်အလက်များ စီမံခန့်ခွဲမှု၊ ကျား၊ မရေးရာကဏ္ဍရပ်နှင့် ပိုမိုကောင်းမွန်အောင် မည်သို့ ပြန်လည် တည်ဆောက်သွားရေးစသည့်အချက်များကို အကြံပြု ဆွေးနွေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသည် ကဏ္ဍအလိုက်ပျက်စီးမှုနှင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုအချက်အလက်များ၊ နယ်မြေဒေသအနေအထားအရ ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုအမျိုးအစားများ၊ ပြန်လည်ထူထောင်ရေးတွင် ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍများ စသည်တို့ကို သတ်မှတ်နိုင်ရန်အတွက် အထောက်အကူပြုပါသည်။ ကာလတို၊ ကြားကာလနှင့် ကာလရှည်(လေးလ၊ ဆယ့်နှစ်လ၊ ဆယ့်နှစ်လနောက်ပိုင်း)ပြန်လည်ထူထောင် ရေးအစီအစဉ် များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ချမှတ်ရေးဆွဲ၍ ပြန်လည်ထူထောင်ရေးညှိနှိုင်းဆောင်ရွက်မှုကော်မတီသို့ တင်ပြသွားမည်ဖြစ်ပါသည်။

## အခြေအနေသုံးသပ်ချက်

အောက်တိုဘာလ(၄)ရက်နေ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း ရေဘေးသင့်တိုင်းဒေသကြီး၊ ပြည်နယ်(၁၂)ခုတွင် ဘေးသင့်ပြည်သူပေါင်း(၁,၆၇၆,၀၈၆)ဦးဘေးလွတ်ရာသို့ ပြောင်း ရွှေ့ခဲ့ရပါသည်။ နေရာအများစုတွင် ရေကျသွားပြီဖြစ်သည့်အတွက် အဆိုပါရေဘေးသင့်ပြည်သူအများစုမှာ ၄င်းတို့နေထိုင်ရာအိမ်များသို့ ပြန်သွား ခဲ့ပြီးဖြစ်ပါသည်။ ရေဘေးနှင့်မြေပြိုမှုကြောင့် ဇွန်လအတွင်းတွင်(၇)ဦး၊ ဇူလိုင်နှင့်ဩဂုတ်လအတွင်း(၁၂၅)ဦး၊ စုစုပေါင်းလူဦးရေ(၁၃၂)ဦး အသက် ဆုံးရှုံးခဲ့ရပါသည်။ ရေဘေးသင့်ခဲ့သည့်နေရာများတွင် စီးပွားရေးဆိုင်ရာတိုက်ရိုက်ဆုံးရှုံးမှု(၂၃၁.၃)ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ(၁၉၂.၈) သန်း)ခန့်ရှိခဲ့ပြီး၊ အပြင်းထန်ဆုံးထိခိုက်မှုရှိခဲ့သည့်ဒေသများမှာ ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ပါသည်။ ရေဘေးကြောင့် အိမ်ခြေ (၄၈၇၅၀)လုံး တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပြီး အိမ်ခြေ(၃၈၉၅၁)လုံးမှာ လုံးဝပျက်စီးခဲ့ရပါသည်။ စုစုပေါင်းလယ်ယာမြေ (၁,၁၄၆,၂၇၅) ဧက ထိခိုက်မှုရှိခဲ့ပြီး၊ ၄င်းအနက်မှ (၈၇၂,၆၆၇)ဧကမှာ ပျက်စီးခဲ့ပြီး (၄၉၄,၈၉၂)ဧကမှာ ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။

အောက်တိုဘာလ(၄)ရက်နေ့အထိ နိုင်ငံတော်အစိုးရမှ ရေဘေးတုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်မှုများအတွက်(၂၈.၈)ဘီလီယံကျပ် (အမေရိကန် ဒေါ်လာ (၂၄) သန်း)သုံးစွဲခဲ့ပြီးဖြစ်သည်။ အောက်ပါဇယားတွင် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုချင်းအလိုက် နိုင်ငံတော်အစိုးရမှ ကျခံသုံးစွဲခဲ့သည့် ကုန်ကျစရိတ်များကို ဖော်ပြထားပါသည်။




အချက်အလက်ရရှိမှု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်

ဧရာဝတီတိုင်းဒေသကြီးတွင် နေအိမ်ပျက်စီးမှုအများဆုံး(၁၉၁၁၄)လုံးဖြစ်ပြီး လယ်ယာမြေဧကပျက်စီးမှုအများဆုံး(၂၇၃၁၅၄ ဧက)မှာ ရခိုင်ပြည်နယ်တွင်ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ အသုံးစရိတ်စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်းမှာ အဆိုပါပြည်နယ်နှင့်တိုင်းဒေသကြီးတွင် သုံးစွဲထားခြင်းဖြစ်ပါသည်။ အောက်ပါဇယားတွင် တိုင်းဒေသကြီးပြည်နယ်များအလိုက် နိုင်ငံတော်အစိုးရမှတိုးမြှင့်၍ ကျခံသုံးစွဲခဲ့သောငွေပမာဏ၊ ရာခိုင်နှုန်းများကိုဖော်ပြထားပါသည်။

| State/Region | Expenditures, 24 August (MMK) | Expenditures, 31 August (MMK) | Expenditures, 6 September (MMK) | Expenditures, 4 October (MMK) | Increase in expenditures (MMK) | State/Region exp. As Percentage of Total exp. |
|---|---|---|---|---|---|---|
| Ayeyarwaddy | 1,891,719,004 | 5,337,048,520 | 5,528,403,004 | 6,910,040,694 | 1,381,637,690 | 24% |
| Bago | 3,003,955,372 | 3,494,512,760 | 3,670,353,371 | 3,748,785,812 | 78,432,441 | 13% |
| Chin | 172,787,968 | 751,144,610 | 1,000,580,468 | 1,271,973,840 | 271,393,372 | 4% |
| Kachin | 149,080,840 | 217,720,120 | 218,840,206 | 296,579,236 | 77,739,030 | 1% |
| Kayin | 126,039,390 | 193,702,850 | 505,468,790 | 2,854,920,090 | 2,349,451,300 | 10% |
| Magway | 522,578,650 | 1,718,786,550 | 1,747,851,650 | 2,425,350,950 | 677,499,300 | 8% |
| Mandalay | 203,349,310 | 247,626,730 | 392,260,210 | 425,043,172 | 32,782,962 | 1% |
| Mon | 126,377,570 | 126,377,570 | 234,031,570 | 255,191,436 | 21,159,866 | 1% |
| Rakhine | 828,921,824 | 1,570,103,970 | 2,371,752,824 | 4,250,958,380 | 1,879,205,556 | 15% |
| Sagaing | 230,320,660 | 1,303,413,799 | 1,681,452,200 | 2,275,614,100 | 594,161,900 | 8% |
| Shan | 395,608,822 | 577,504,025 | 945,772,922 | 3,289,520,272 | 2,343,747,350 | 11% |
| Yangon | 383,871,490 | 498,884,050 | 750,510,390 | 821,776,360 | 71,265,970 | 3% |
| **Total** | **8,034,610,900** | **16,036,824,997** | **19,047,277,605** | **28,825,754,342** | **9,778,476,737** | 100% |

အချက်အလက်ရရှိမှု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်

## ရေဘေးကြောင့် စီးပွားရေးဆိုင်ရာထိခိုက်မှု

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ အချက်အလက်များအရ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ(၈.၇) ရာခိုင်နှုန်းရှိခဲ့ပြီး၊ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်အတွက် မျှော်မှန်းချက်မှာ(၉.၃)ရာခိုင်နှုန်းဖြစ်သည်။ သဘာဝဘေးကြောင့် စီးပွားရေးဆိုင်ရာတိုက်ရိုက် ဆုံးရှုံးမှု(၂၃၀)ဘီလီယံကျပ်(အမေရိကန်ဒေါ်လာ (၁၉၂.၈) သန်း)ခန့် ရှိခဲ့ခြင်းသည် တိုင်းပြည်ဝင်ငွေ မျှော်မှန်းချက်ကို(၀.၃)ရာခိုင်နှုန်းခန့် ထိခိုက်မှုရှိနိုင်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည့်အတွက် စားသုံးကုန်များ ဈေးနှုန်းကြီးမြင့်မှုကိုကြုံတွေ့ရနိုင်ခြေရှိသည်။

ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်းဖိုးအပေါ် အကျိုးသက်ရောက်မှုကို လျှော့ချနိုင်ရန်အတွက် ထုတ်လုပ်မှုကဏ္ဍတွင် ထုတ်ကုန်များတိုးမြင့်စေရန် ဆောင်ရွက်ခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဲ့သို့သော ဝန်ဆောင်မှုကဏ္ဍများကို အားကောင်းစေရန်ဆောင်ရွက်ခြင်း စသည်တို့ကိုဆောင်ရွက်ရန် လိုအပ်သည်။ ရေဘေးဒဏ်မကြုံတွေ့ခဲ့ရသည့် ဒေသများရှိလယ်ယာမြေများတွင် စိုက်ပျိုးသီးနှံများ ပိုမိုစိုက်ပျိုးခြင်းများလုပ်ဆောင်ရန်လည်းလိုအပ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကိုအားထားသည့် ရေဘေးသင့်ခဲ့သည့်နေရာများတွင် လယ်ယာစိုက်ပျိုးရေးမဟုတ်သည့် အခြားလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းများဆုံးရှုံးခဲ့ရသည့် ရေဘေးသင့်ပြည်သူများအတွက် အလုပ်အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။


စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုကြောင့် တိုင်းပြည်၏လယ်ယာပို့ကုန်များ လျော့ကျသွားနိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိမှုလျော့ကျသွားနိုင်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဆန်တင်ပို့မှုကို ယာယီကန့်သတ်ထားပါသည်။ ပြည်တွင်းတွင် စားနပ်ရိက္ခာဖူလုံစေရေးအတွက် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်အနေဖြင့် တောင်သူလယ်သမားများကို ဆောင်းရာသီအစားထိုးသီးနှံများစိုက်ပျိုးရန် အားပေးမှာကြားခဲ့ပါသည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်သို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတကြီးမှ ရေဘေးကြောင့် စိုက်ပျိုးရေးလုပ်ငန်းများထိခိုက်ခဲ့ရသည့် တောင်သူလယ်သမားများအတွက် ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါသည်။

## မိုးလေဝသခန့်မှန်းချက်များနှင့် မြစ်ရေကြီးမှုအခြေအနေ

အစီရင်ခံစာပြုစုနေသည့်ကာလအတွင်းတွင် ဧရာဝတီနှင့် ချင်းတွင်းမြစ်များတွင် မြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင်နှင့်ဩဂုတ်လအတွင်းတွင် ရေဘေးသင့်ခဲ့သည့် ဧရာဝတီနှင့်စစ်ကိုင်းတိုင်းဒေသကြီးများတွင် ရေဘေးအန္တရာယ်ကြုံနိုင်သည့် အခြေအနေရှိခဲ့သည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြစ်များအနီးတွင် နေထိုင်သူများအား စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ခဲ့လျှင် ထိုနေရာများမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတိပေးချက်များထုတ်ပြန်ခဲ့သည်။ ယခုအချိန်တွင် မြစ်များမှာစိုးရိမ်ရေအမှတ်အောက် ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။ အောက်တိုဘာလအတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်အရ မိုးရွာသွန်းမှုကြောင့် ဧရာဝတီနှင့်ချင်းတွင်းမြစ်များတွင် မြစ်ရေများပြန်လည် မြင့်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်အောက်တွင်သာရှိမည်ဖြစ်သည်။ အောက်တိုဘာလအတွင်းတွင် မိုးဆက်လက်ရွာသွန်းနိုင်ပါသည်။ တစ်လအတွက်ကြိုတင်ခန့်မှန်းချက်အရ အောက်တိုဘာလအတွင်းတွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း ၂ ခု

ဖြစ်ပေါ်နိုင်ခြေရှိပြီး ၁ ခုမှာ မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိနိုင်မည်ဟုခန့်မှန်းထားသည်။ နေ့စဉ်မိုးလေဝသခန့်မှန်းချက်များကို မိုးလေဝသနှင့် ဇလဗေဒ Website တွင် ကြည့်ရှုနိုင်ပါသည်။ http://www.dmh.gov.mm

## ရန်ပုံငွေဖြန့်ခွဲသုံးစွဲခြင်းကဏ္ဍ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့မှ ရေဘေးတုံ့ပြန်ရေးလုပ်ငန်းများအတွက် စုစုပေါင်း(၁၈၇)ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ(၁၅၆)သန်း)ကို ကျခံသုံးစွဲမည်ဖြစ်ပါသည်။ကယ်ဆယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်သမ္မတအရေးပေါ်ရန်ပုံငွေမှ (၄၂.၂)ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ(၃၅.၅)သန်း)၊ နိုင်ငံတော်အစိုးရမှ(၆.၅)ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ(၅.၄)သန်း)၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရမှ(၂၂.၃)ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ(၁၈.၆)သန်း)အပါအဝင် ပုဂ္ဂလိကလုပ်ငန်းများနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ပါဝင်မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အာဆီယံ၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ မွန်ဂိုလီးယား၊ နီပေါ၊ နယူးဇီလန်၊ နော်ဝေ၊ တောင်ကိုရီးယား၊ စင်္ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်နှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အမေရိကန်ဒေါ်လာ(၁၈.၂)သန်းတန်ဖိုးရှိ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကိုလက်ခံရရှိထားပါသည်။ လက်ခံရရှိထားသောရန်ပုံငွေပမာဏမှာ အစီရင်ခံစာအမှတ်(၅)တွင်ဖော်ပြထားခဲ့သည့်ပမာဏထက် အမေရိကန်ဒေါ်လာ(၂၂.၇)သန်း တိုးမြင့်လာခဲ့ခြင်းဖြစ်ပါသည်။ အလှူရှင်များစုပေါင်းပါဝင်သည့် ရန်ပုံငွေများ(ဥပမာ-အာဆီယံ၊ 3 MDG၊ LIFT)အတွက်လည်း အလှူရှင်အများအပြားမှ ပါဝင်လှူဒါန်းကြပါသည်။ အထက်ပါဂရပ်တွင် ဖော်ပြထားသည့်ပမာဏများမှာ တိုက်ရိုက်ရရှိထားသော ပမာဏများကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂ၏ Financial Tracking System အရ အောက်တိုဘာ(၅)ရက်နေ့အထိ မြန်မာနိုင်ငံရေဘေးတုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်တွင် လုပ်ဆောင်မည့်စီမံချက်များအတွက် လိုအပ်သောရန်ပုံငွေအနက်မှ အမေရိကန်ဒေါ်လာ(၃၅.၆)သန်းကို ရရှိပြီးဖြစ်ကာ ၄င်းတွင် ကတိကဝတ်ပြုထားသည့် ပမာဏများလည်းပါဝင်သည်။ ထိုပါဝင်မှုများတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အရေးပေါ်တုံ့ပြန်ရေးဗဟိုရန်ပုံငွေ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် တသီးပုဂ္ဂလများပါဝင်သည်။

အလှူရှင်များနှင့် ရန်ပုံငွေလက်ခံရရှိသော အဖွဲ့အစည်းများအပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသည့် မိတ်ဖက်အဖွဲ့အစည်းများ အားလုံးအနေဖြင့် လက်ခံရရှိသောအလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ကုလသမဂ္ဂ၏ Financial Tracking Service (http://fts.unocha.org) တွင် မှတ်တမ်းတင်နိုင်ရန်အတွက် အောက်ပါအီးမေးမှတဆင့်အကြောင်းကြားနိုင်ပါသည်။ fts@un.org

## အခိုးအကာနှင့်ကယ်ဆယ်ရေးကဏ္ဍ

### စားနပ်ရိက္ခာဖူလုံမှုနှင့်စိုက်ပျိုးရေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များပူးပေါင်းဆောင်ရွက်သည့် လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း

တို့အပေါ် ရေဘေးကြောင့် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်းအစီရင်ခံစာမှာ ယခုရက်သတ္တပတ်အတွင်း ထွက်ရှိမည် ဖြစ်ပါသည်။ ထိုအစီရင်ခံစာတွင်ရေဘေးကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်းသည့် လေ့လာသုံးသပ်ချက်များနှင့် ဦးစားပေးလိုအပ်ချက်များပါဝင်မည်ဖြစ်ပါသည်။

နိုင်ငံတကာမှအလှူရှင်များအနေဖြင့် ရေဘေးဒဏ်ထိခိုက်ခဲ့သည့် အသက်မွေးဝမ်းကျောင်းကဏ္ဍပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နိုင်ရန် အတွက် အမေရိကန်ဒေါ်လာ(၂.၇)သန်းကျော် ပေးအပ်ထားပြီးဖြစ်ပါသည်။ ထိုရန်ပုံငွေများကို မွေးမြူရေးတိရစ္ဆာန်များနှင့်ဆောင်းသီးနှံများ ဝယ်ယူရန်လယ်ယာစိုက်ပျိုးရေးအတွက် အကူအညီများပေးရန်၊ လုပ်အားအတွက်ငွေကြေးပံ့ပိုးမှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများအတွက် သုံးစွဲသွားမည်ဖြစ်ပါသည်။ ထိုလုပ်ငန်းများကို ချင်း၊ ရခိုင်၊ စစ်ကိုင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်နှင့်မြစ်ဝကျွန်းပေါ်ဒေသများတွင် အဓိကဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အောက်ပါဇယားတွင် ရေဘေးသင့်ခဲ့သည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ထိခိုက်ပျက်စီးခဲ့သောလယ်ယာမြေများ ပြန်လည်စိုက်ပျိုးပြီးစီးမှုအခြေအနေကို ဖော်ပြထားပါသည်။ အောက်တိုဘာလ ၄ ရက်နေ့အထိ ရရှိထားသောအချက်အလက်များအရ ပျက်စီးဆုံးရှုံးခဲ့သောလယ်ယာမြေများ၏ ၄၃ ရာခိုင်နှုန်းမှာ ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။ ဧရာဝတီ၊ ချင်း၊ မကွေးနှင့်မွန်တို့တွင် ပျက်စီးဆုံးရှုံးခဲ့သော လယ်ယာမြေများ၏ ၂၀ ရာခိုင်နှုန်းအောက်သာ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပဲခူးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပြန်လည်စိုက်ပျိုးမှုပမာဏမှာသိသာထင်ရှားစွာ တိုးတက်လျက်ရှိသော်လည်း ထိုဒေသများမှာထိခိုက်ပျက်စီးမှုပမာဏများခဲ့သည့်အတွက် ပြန်လည်စိုက်ပျိုးရန် ပမာဏများစွာကျန်ရှိနေပါသေးသည်။


| State/Region | Damaged farmland re-cultivated (%) | Inundated farmland (acres) | Damaged farmland (acres) | Recultivated farmland (acres) |
|---|---|---|---|---|
| Rakhine | 79% | 291,219 | 273,154 | 215,792 |
| Kachin | 55% | 33,552 | 15,944 | 8,804 |
| Bago | 46% | 376,446 | 229,989 | 106,330 |
| Sagaing | 40% | 223,855 | 184,691 | 74,172 |
| Yangon | 35% | 116,894 | 76,941 | 27,232 |
| Ayeyarwady | 17% | 318,843 | 255,408 | 44,271 |
| Kayin | 16% | 1,162 | 648 | 106 |
| Magway | 16% | 96,846 | 96,846 | 15,339 |
| Shan | 11% | 13,513 | 4,166 | 469 |
| Chin | 6% | 5,911 | 5,911 | 372 |
| Mandalay | 2% | 3,583 | 283 | 5 |
| Mon | 0% | 13,010 | 2,294 | - |
| **Grand Total** | **43%** | **1,494,834** | **1,146,275** | **492,892** |

အချက်အလက်ရရှိမှု-လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်)

ဆက်လက်အသက်ရှင်ရေးအတွက် မရှိမဖြစ်အနည်းဆုံးလိုအပ်သည့် စားနပ်ရိက္ခာပံ့ပိုးမှုကို ယခုနှစ်ကုန်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စက်တင်ဘာလတွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ရေဘေးသင့်ပြည်သူပေါင်း(၂၁၂၀၀၀)ကို စားနပ်ရိက္ခာပံ့ပိုးနိုင်ရန် မျှော်မှန်းခဲ့ပါသည်။ အချို့ဒေသများတွင် စားနပ်ရိက္ခာထောက်ပံ့သည့် အစီအစဉ်မှ ငွေကြေးပံ့ပိုးမှုနှင့် ပိုင်ဆိုင်မှုများရရှိနိုင်အောင် ဖန်တီးပေးခြင်း (ဥပမာအားဖြင့် ဈေးကွက်ကို လက်လှမ်းမီသည့်နေရာများနှင့် စားနပ်ရိက္ခာများရရှိနိုင်သည့် နေရာများတွင် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်သည့်စီမံချက်များမှတဆင့် ရေဘေးသင့်ပြည်သူများအား ဝင်ငွေရရှိစေရန် ဖန်တီးပေးခြင်းဖြင့် ၄င်းတို့ကိုယ်တိုင် စားနပ်ရိက္ခာများဝယ်ယူနိုင်စေရန် ဆောင်ရွက်ပေးခြင်း)သို့ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပြီး နိုဝင်ဘာလမှစတင်ရန် မျှော်မှန်းပါသည်။

## အခိုအကာနှင့်အစားအစာမဟုတ်သည့် လူသုံးကုန်ပစ္စည်းများ

အောက်တိုဘာလ ၄ ရက်နေ့အထိ ရရှိထားသော အချက်အလက်များအရ ရေဘေး၊ မြေပြိုမှုနှင့်လေပြင်းအန္တရာယ်ကြောင့် အိမ်ခြေ(၅၂၆၅၀၁)လုံး ထိခိုက်ပျက်စီးခဲ့ပါသည်။ ၄င်းအနက်မှာ အိမ်ခြေ(၃၈၉၅၁)လုံးမှာ လုံးဝပျက်စီးခဲ့ပြီး အိမ်ခြေ(၄၈၇၅၅၀)လုံးမှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပါသည်။




အချက်အလက်ရရှိမှု-လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်

ထိခိုက်မှုအများဆုံးဖြစ်ပေါ်ခဲ့သည့်ဒေသမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး အိမ်ခြေ(၁၉၁၁၄)လုံး လုံးဝပျက်စီးခဲ့ကာ အိမ်ခြေ (၁၀၈၁၆၅) လုံး တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင်လည်း ထိခိုက်ပျက်စီးမှုများပြားခဲ့ပြီးအိမ်ခြေ (၁၃၇၄၁) လုံး လုံးဝပျက်စီးခဲ့ကာ အိမ်ခြေ (၁၁၄၆၆၆)လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင်အိမ်ခြေ(၁၉၆၃)လုံး လုံးဝပျက်စီးခဲ့ကာအိမ်ခြေ(၁၀၆၂၄၁)လုံး တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပါသည်။ တစ်စိတ်တစ်ပိုင်းနှင့်လုံးဝထိခိုက်ပျက်စီးမှုအိမ်ခြေများခဲ့သည့်အခြားဒေသများမှာပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ပါသည်။ ကုလသမဂ္ဂအခိုအကာအစုအဖွဲ့အနေဖြင့် ရေဘေးသင့်ခဲ့သည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အနည်းဆုံးအိမ်ထောင်စု (၃၅၀၀၀) ကျော်မှာ အခိုအကာပြန်လည်ထူထောင်ရေးပံ့ပိုးမှုများကို အတိုင်းအတာတစ်ခုအထိ လိုအပ်လျက်ရှိမည်ဟု ခန့်မှန်းထားပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လုံးဝပျက်စီးခဲ့သည့် အိမ်ခြေအရေအတွက်ကိုဘယ်ဘက်ခြမ်းရှိဇယားတွင် ဖော်ပြထားပါသည်။

ချင်းပြည်နယ်အစိုးရ၏ထုတ်ပြန်ချက်အရ ချင်းပြည်နယ်ရှိအိမ်ထောင်စု ၂၉၈၇ စုကိုဘေးကင်းသည့်နေရာများသို့ ပြောင်းရွှေ့နေရာချထားရန် လိုအပ်ပါသည်။

ရေဘေးနှင့်ရေကျသွားပြီးနောက်တင်ကျန်ခဲ့သည့် ရွှံ့နွံများကြောင့်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်းရှိအိမ်ထောင်စုပေါင်း(၁၆၀၀)ကျော်ကိုလည်း ပြောင်းရွှေ့နေရာချထားရန်လိုအပ်ပါသည်။ တမူးမြို့နယ်ရှိကျေးရွာသုံးရွာမှ ရေဘေးသင့်သူများကိုလည်းပြောင်းရွှေ့နေရာချထားရန်လိုအပ်ပါသည်။ ပြောင်းရွှေ့နေရာချထားမှုဆောင်ရွက်စဉ်အတွင်း အဆိုပါအိမ်ထောင်စုများအတွက် လူသားချင်းစာနာမှုဆိုင်ရာစံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ယာယီအခိုအကာများကို ပံ့ပိုးဆောင်ရွက်ပေးသွားရန်လိုအပ်မည်ဖြစ်ပါသည်။ အောက်တိုဘာလလယ်မှ ဇန်နဝါရီလအတွင်း ဆောင်းရာသီကာလတွင် အပူချိန်ကျဆင်းသောဒေသဖြစ်သည့်မြေမြင့်ပိုင်းရှိ ချင်းပြည်နယ်အတွက် ထိုလိုအပ်ချက်ကို အထူးသဖြင့်ဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်ပါသည်။

ကုလသမဂ္ဂအခိုအကာအစုအဖွဲ့အနေဖြင့် ဧရာဝတီ၊ ချင်း၊ မကွေး၊ ရခိုင်နှင့် စစ်ကိုင်းတို့တွင် အခိုအကာ(၁၁၂၀၀)ခန့်ကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင်မိုးကာဖျင်(၂၅၀၀)ကျော်ကို ဧရာဝတီနှင့် စစ်ကိုင်းတို့တွင် အမိကထားဖြန့်ဝေပေးခဲ့ပါသည်။ မိုးကာဖျင်(၂၀၀၀)ကျော်နှင့် ခြင်ထောင်(၁၀၀၀၀)ကျော်ကိုလည်း လိုအပ်ချက်အနေအထားအရ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အရေးပေါ်အခိုအကာဆိုင်ရာ ကြိုတင်ကာကွယ်ပံ့ပိုးမှုဆောင်ရွက်ချက်များကို ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ အိမ်ထောင်စု (၉၅၀)နှင့် စစ်ကိုင်းရှိအိမ်ထောင်စု (၈၀၀)၊ မကွေးရှိ အိမ်ထောင်စု (၈၀)အတွက်ဆောင်ရွက်ပေးသွားရန် ပြင်ဆင်လျက်ရှိပါသည်။

လမ်းများပျက်စီးမှုနှင့်ထပ်မံဖြစ်ပေါ်သည့်မြေပြိုမှုများကြောင့် ချင်းပြည်နယ်ရှိဒေသများသို့ သွားရောက်ရန်မှာခက်ခဲလျက်ရှိသည်ဟု လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့အစည်းများမှ ပြောကြားခဲ့ပါသည်။ ရန်ပုံငွေအကန့်အသတ်ရှိမှုကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့် အထူးသဖြင့် ချင်း၊ မကွေးနှင့်စစ်ကိုင်းရှိ နေရပ်စွန့်ခွါရွှေ့ပြောင်းခဲ့ရသူများနှင့် ထိခိုက်ပျက်စီးလွယ်သည့်အခြေအနေရှိသည့်လူများ၏ အခိုအကာလိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကာကွယ်စောင့်ရှောက်ခြင်း

ရေဘေးသင့်ပြည်သူများ အထူးသဖြင့်မြေပြိုမှုများဆက်လက်ဖြစ်ပေါ်နေသည့် နေရာများတွင်နေထိုင်သူများနှင့်ယာယီခိုလှုံရာနေရာများတွင်နေထိုင်နေသူများအတွက် စိတ်ပိုင်းဆိုင်ရာလူမှုရေးစောင့်ရှောက်မှုပေးရန် ဆက်လက်လိုအပ်လျက်ရှိသည်။ ဘေးသင့်သူအမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၊ အထူးသဖြင့် လူများထူထပ်လွန်းသည့် ယာယီခိုလှုံရာနေရာများတွင်နေထိုင်ရသော အမျိုးသမီးများနှင့်အမျိုးသမီးငယ်များ၏ လုံခြုံရေးကိုဆက်လက်ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်လျက်ရှိကြောင်း လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများမှပြောကြားခဲ့ပါသည်။ ဥပမာအနေဖြင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကဏ္ဍမှ မိတ်ဖက်အဖွဲ့အစည်းများ၏ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် ဆောင်ရွက်ခဲ့သည့် ကျားမအခြေပြုကျူးလွန်စော်ကားမှုများဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ကျားမအခြေပြုကျူးလွန်စော်ကားမှုများကို အထူးဂရုပြုဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနက ချင်း၊ မကွေး၊ ရခိုင်နှင့်စစ်ကိုင်းတို့ရှိ ဘေးသင့်အမျိုးသမီးများနှင့်အမျိုးသမီးငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ လူမှုရေးစောင့်ရှောက်မှုပေးခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မကွေးနှင့်စစ်ကိုင်းရှိရွှေ့လျားဆေးခန်းများတွင် ဖြစ်ရပ်စီမံခန့်ခွဲမှုများကို ဆောင်ရွက်ပေးနေသူများသည် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများအပြင် စိတ်ပိုင်းဆိုင်ရာလူမှုရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှုများကိုပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယာယီကယ်ဆယ်ရေးစခန်းများရှိ ယာယီကလေးပျော်နေရာ(၅၀)ကျော်နှင့် ရောက်ရှိရန်ခက်ခဲသောဒေသများနှင့် ရေဘေးသင့်သူများနေရပ်ပြန်သွားသောဒေသများတွင် ရွှေ့လျားစိတ်ပိုင်းဆိုင်ရာလူမှုရေးစောင့်ရှောက်မှုအဖွဲ့(၃၀)မှတဆင့် ယောကျ်ားလေးများနှင့် မိန်းကလေးငယ်ပေါင်း(၁၅၀၀၀)ကျော်အား စိတ်ပိုင်းဆိုင်ရာလူမှုရေးစောင့်ရှောက်မှုများ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီဖြစ်ကြောင်း ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ပြောကြားခဲ့ပါသည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် ဒေသတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်စေရန်အတွက် စွမ်းရည်မြှင့်တင်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ချင်းပြည်နယ်၊ မတူပီမြို့နယ်ကဲ့သို့ရောက်ရှိရန်ခက်ခဲသည့်ဒေသများအပါအဝင် ရေဘေးသင့်ဒေသများရှိ ထိခိုက်ပျက်စီးလွယ်သည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအတွက် အမျိုးသမီးအသုံးအဆောင်ပစ္စည်းအစုံပေါင်း (၇၀၀၀)ကျော်ကို ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်။

ဆိုင်ကလုန်းနာဂစ်မုန်တိုင်း ဖြစ်ပေါ်စဉ်ကရရှိခဲ့သည့်အတွေ့အကြုံများအရ ရေဘေးကြောင့်ပြင်းထန်စွာထိခိုက်ခဲ့သည့်မြို့နယ်များတွင် ကလေးများအား လူကုန်ကူးခြင်း၊ ကလေးလုပ်သားများအဖြစ်ခိုင်းစေခြင်း၊ မိသားစုများမှာပြန်လည်ထူထောင်ရန်ရုန်းကန်ရခြင်းကြောင့် ကလေးငယ်များအရွယ်မတိုင်မီအိမ်ထောင်ပြုခြင်းစသည့် ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာလိုအပ်ချက်များ ဖြစ်ပေါ်နိုင်ပါသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၏အစိတ်အပိုင်းအဖြစ် နိုင်ငံတော်အစိုးရမှကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်ပျက်စီးလွယ်သည့် အခြေအနေရှိသူများအတွက် လူမှုရေးစောင့်ရှောက်မှုများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးစောင့်ရှောက်မှုဝန်ထမ်းများ၊ မြို့နယ်အဆင့်တွင်ရှိခြင်းအပါအဝင် အားကောင်းသောလူမှုရေးဝန်ဆောင်မှုနှင့်ကာကွယ်မှုများမှာ အကြမ်းဖက်မှုများ၊ ခေါင်းပုံဖြတ်မှုများနှင့် မတော်မလျော်အလွဲသုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အထူးပင်အရေးပါသည်။ ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများဖြင့် မကွေး၊ စစ်တွေနှင့်ဟားခါးရှိလူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ (ATTFs)များသည် ရေဘေးသင့်ဒေသများတွင် လူကုန်ကူးမှုကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးသတင်းအချက်အလက်များကို ဖြန့်ဝေသွားမည်ဖြစ်ပါသည်။ အခြားရေဘေးသင့်ဒေသများရှိ (ATTFs)အဖွဲ့များအနေဖြင့်လည်း အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း အထက်ပါလုပ်ငန်းများကို သက်ဆိုင်ရာဒေသများတွင် ဆောင်ရွက်သွားနိုင်ရန် ပံ့ပိုးကူညီမှုများကိုရရှိမည်ဖြစ်ပါသည်။

ယာယီခိုလှုံရာနေရာများတွင် အခိုအကာ၊ ရေ၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာဝန်ဆောင်မှုများနှင့် အစားအစာဖြန့်ဝေပေးမှုကို ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်းရှိအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မှုအကန့်အသတ်များကြောင့် ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်းသည့်လိုအပ်ချက်များရှိလာနိုင်ကြောင်း၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးမိတ်ဖက်အဖွဲ့အစည်းများမှ ပြောကြားပါသည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အသိပညာပေးစာရွက်စာတမ်းပစ္စည်းများကိုဖြန့်ဖြူးပေးသွားရန် ဆောင်ရွက်လျက်ရှိပြီး ဝန်ဆောင်မှုများဆောင်ရွက်နေသူများအတွက်သင်တန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

## ကျန်းမာရေး၊ အာဟာရနှင့်သန့်ရှင်းရေးကဏ္ဍ

### ကျန်းမာရေး

ကျန်းမာရေးဝန်ကြီးဌာနမှတင်ပြချက်အရရေဘေးကြောင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအရေအတွက်(၂၂၄)ခု ထိခိုက်ပျက်စီးခဲ့ပါသည်။ ၄င်းအနက်မှ (၂၁၁)ခု ပြင်ဆင်ရန်ကျန်ရှိနေပြီး အခြေခံကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း(၅)ခုသည် ပုံမှန်လုပ်ငန်းဆောင်တာများ လည်ပတ်နိုင်စွမ်းမရှိသေးပါ။ ဧရာဝတီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ရေကြီးမှုများထပ်မံဖြစ်ပွားသောကြောင့် ပြီးခဲ့သောအစီရင်ခံစာတွင် ဖော်ပြထားသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း(၂၀၈)ခုထက် ယခုအခါပိုနေခြင်းဖြစ်ပါသည်။ ထိုဒေသများတွင်ကျန်းမာရေးဝန်ဆောင်မှုများလိုအပ်လျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှသင်တန်းပေးထားသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကျွမ်းကျင်သူများ၊ အထူး သဖြင့် အမျိုးသမီးကျန်းမာရေးစောင့်ရှောက်သူများမရှိခြင်းသည် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများပေးရန်နှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပေးရန်တို့အတွက် အဟန့်အတားဖြစ်နေကြောင်းတင်ပြထားပါသည်။ ထို့အပြင် အပေါ်ပိုင်း အသက်ရှူလမ်းကြောင်းရောဂါဝင်မှုအပါအဝင် ကူးစက်ရောဂါများဖြစ်ပွားမှုနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ အခက်အခဲများကိုကာကွယ်ရန်အတွက် ယာယီအခိုအကာများနှင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ ပြန်လည်ပြုပြင်ရန်လိုအပ်လျက်ရှိပါသည်။

Damage to Health Facilities

| State/Region | Damaged Health facilities | Facilities with loss of medicine and damaged equipment | Healthcare facilities that cannot resume normal functions |
|---|---|---|---|
| Ayeyarwady | 98 | 1 | |
| Rakhine | 62 | - | |
| Bago | 23 | 1 | |
| Sagaing | 11 | 21 | 4 |
| Magway | 9 | 6 | |
| Chin | 7 | - | 1 |
| Yangon | 1 | - | |
| Shan | - | 1 | |
| **Total** | **211** | **30** | **5** |

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဗဟိုကူးစက်ရောဂါဌာနမှ အလျင်အမြန်တုံ့ပြန်ရေးအဖွဲ့တို့သည် ကူးစက်ရောဂါများပြန့်ပွားခြင်းမှ ကာကွယ်ရန် ကယ်ဆယ်ရေးစခန်း စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ဘေးသင့်ပြည်သူများသည် ၄င်းတို့အိမ်သို့ပြန်သည့်အခါတွင် သန့်ရှင်းသောရေအရင်းအမြစ်များ ရရှိရန်အတွက် အဟန့်အတားရှိနေခြင်းကြောင့် ရေကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါများဖြစ်ပွားနိုင်သည့်အန္တရာယ်များရှိနေဆဲဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဒေသတွင်းနေထိုင်သူများနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ရေအရင်းအမြစ်များနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းတို့ကိုညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ သွေးလွန်တုပ်ကွေးကဲ့သို့သော အင်းဆက်ကြောင့်ဖြစ်သည့်ကူးစက်ရောဂါများ (Vector-borne diseases)၊ ဂျပန်ဦးနှောက်ရောင်ရမ်းနာရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့အတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများအားလုံးသည်လည်း ပြန်လည်လုပ်ကိုင်လျက်ရှိပါသည်။ ကြိုတင်သတိပေးခြင်းနှင့်တုံ့ပြန်ခြင်းစနစ်(The Early Warning and response System-EWARS)ကိုတည်ထောင်ထားပြီးလုပ်ငန်းများလုပ်ဆောင်လျက်ရှိပါသည်။

Government Response in the Health Sector

| State/Region | Number of Mobile Clinics | Number of Temporary Clinics |
|---|---|---|
| Ayeyarwady | 208 | 202 |
| Sagaing | 112 | 349 |
| Rakhine | 35 | 77 |
| Bago | 26 | 203 |
| Magway | 5 | 82 |
| Yangon | 3 | 33 |
| Mandalay | 8 | 55 |
| Chin | 9 | 19 |
| Kachin | | 15 |
| Mon | | 85 |
| Shan | | 13 |
| Kayin | | 12 |
| Tanintharyi | | 1 |
| **Total** | **406** | **1,146** |

အောက်တိုဘာ(၁)ရက်နေ့စာရင်းများအရ ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်နှင့်ကူးစက်ရောဂါများမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ပေးရန် စုစုပေါင်းရွေ့ပြောင်းကျန်းမာရေးဆေးပေးခန်း(၄၀၆)ခုနှင့် ယာယီဆေးပေးခန်း(၁၁၄၆)ခုတို့ကို ဖွင့်လှစ်ထားပြီး ပြင်ပလူနာပေါင်း(၂၆၁၉၅၉)ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများပေးပြီးဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးစိမ်ခြင်ထောင်(၃၄၃၀)လုံး၊ မိသားစုသုံးပစ္စည်းထုပ်များ(၃၀)ခု၊ Bascabe Lotion(၂၀၀၀)ပုလင်း၊ ယားနာပျောက်ဆေး(၁၀၀၀၀)တောင့်နှင့် တိုင်းရင်းဆေးပစ္စည်းထုပ်များ(၂၆၅)ခုတို့ကို ဖြန့်ဝေပြီးဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ကျန်းမာရေးဝန်ကြီးဌာနမှ အလျင်အမြန်တုံ့ပြန်ရေးအဖွဲ့သို့ ထောက်ပံ့နေသော ဘဏ္ဍာရေးအထောက်အပံ့၊ အရေးပေါ်ကျန်းမာရေးပစ္စည်းထုပ်နှင့် သန့်ရှင်းရေးသုံးပစ္စည်းထုပ်များကို ဆက်လက်ဖြန့်ဝေထောက်ပံ့ပေးသွားမည်ဖြစ်ပြီး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်သူများကို ဆက်လက်စေလွှတ်သွားမည်ဖြစ်ပါသည်။ ကျန်းမာရေးအစုအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သော ဘေးသင့်ပြည်သူ

(၁၇၀၀၀၀)အတွက် ဆေးဝါးလိုအပ်ချက်များကို ဖြန့်ဝေပေးခဲ့ပြီး အရေးပေါ်ကာလတွင်အသုံးပြုရန်အတွက် သားဆက်ခြားကျန်းမာရေးဆိုင်ရာ သင်တန်းများ ပေးခဲ့ပြီးဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် သန့်ရှင်းရေးသုံးပစ္စည်း (၃၆၀၀) ထုပ်ကို မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။ ရေဘေးသင့်ဒေသများသို့ သားဆက်ခြားပစ္စည်းထုပ်များနှင့် မီးယပ်သွားဖွားကျန်းမာရေးစောင့် ရှောက်မှုဆိုင်ရာပစ္စည်းများကို ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

ဆေးပေးခန်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများနှင့် အာဟာရဖြည့်စွက်ခြင်းလုပ်ငန်းများအပါအဝင် ကျန်းမာရေးဆိုင်ရာပစ္စည်းများနှင့်စောင့်ရှောက်ကုသပေးခြင်းလုပ်ငန်းများအား လျင်မြန်စွာပြန်လည်ထိန်းသိမ်းထူထောင်ပေးရန်လည်း အရေးကြီးပါသည်။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါသည်များအား အထူးကျန်းမာရေးစောင့်ရှောက်မှုများပေးရန်နှင့် ကိုယ်ဝန်ဆောင်မိခင်များအား သန့်ရှင်းရေးသုံးပစ္စည်းများဖြန့်ဝေခြင်းအပါအဝင် ခုခံနိုင်စွမ်းနည်းပါးသူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် ကျန်းမာရေးဆိုင်ရာအစုအဖွဲ့မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အာဟာရဖြည့်စွက်ခြင်း

အသက်(၅)နှစ်အောက်ကလေး(၁၅၀၀၀၀)ကျော်၊ ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်ခန့်မှန်းခြေ(၆၂၀၀၀)ကျော်တို့သည် ရေဘေးကြောင့်ထိခိုက်ခံစားခဲ့ရပါသည်။ (ဘေးသင့်လူဦးရေ (၁.၆)သန်းခန့်အပေါ် အခြေခံတွက်ချက်ထားပါသည်။) ရေဘေးသင့်ဒေသများ၊ အထူးသဖြင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အာဟာရချို့တဲ့မှုသည် အဓိကဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ထိုဒေသများအပြင် ပဲခူးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရေအရင်းအမြစ်များထိခိုက်မှုနှင့် စားနပ်ရိက္ခာမလုံလောက်မှုတို့ကြောင့် အာဟာရဖြည့်စွက်ခြင်းဆိုင်ရာအဆင့်ကျဆင်းလျက်ရှိသည်။ (၅)နှစ်အောက်ကလေးသေဆုံးမှု မြင့်တက်လျက်ရှိပါသည်။

ထိခိုက်ခံရလွယ်သောကလေးများ၏ အာဟာရဖြည့်စွက်ခြင်းဆိုင်ရာလိုအပ်ချက်များအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရေးပေါ်ရိက္ခာခြောက်(၂၄၄)သေတ္တာနှင့်အာဟာရဖြည့်စွက်မှုန့်(၁၁၁၁၂၀)သေတ္တာတို့ကို ဖြန့်ဝေပြီးဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် ရေဘေးကြောင့် အာဟာရဖြည့်စွက်ဖူလုံမှုအခြေအနေသက်ရောက်မှုလျော့ကျစေရေးအတွက် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်တွင် အာဟာရချို့တဲ့သော ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များကို အခြားဒေသထက်စားနပ်ရိက္ခာ(၂)ဆ ထောက်ပံ့ပေးခဲ့ပြီး ကလေးများအာဟာရတိုက်ကျွေးခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် အာဟာရချို့တဲ့မှုဆိုးရွားစွာခံစားနေရသော ကလေးများအတွက်လည်း စားနပ်ရိက္ခာများ ပိုမိုထောက်ပံ့ပေးလျက်ရှိပါသည်။ အာဟာရဖြည့်စွက်မှုဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် ထိုဒေသများရှိ ရေဘေးသင့်ဒေသများတွင် အာဟာရချို့တဲ့မှုဆိုးရွားစွာခံစားနေရသော ကလေး(၁၀၂)ဦးရှိကြောင်းသတ်မှတ်ဖော်ပြထားပါသည်။

အခြားရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် အာဟာရချို့တဲ့မှု ဖြစ်ပွားမှုမှကာကွယ်ရန် အာဟာရချို့တဲ့သောကလေးများကိုထောက်ပံ့ပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်(၂၄၆)ဦးသည် မွေးကင်စကလေးနှင့်ကလေးသူငယ်များအစာကျွေးခြင်းဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှုဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ကလေးသူငယ်(၉၇၆)ဦးသည် မျိုးစုံအသေးစားအာဟာရဖြည့်စွက်မှု ထပ်မံဖြည့်စွက်ခြင်းများ ရရှိပြီးဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် အောက်တိုဘာလအတွင်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် (၆-၅၉)လအတွင်း ကလေးသူငယ်(၁၃၃၀၀)အတွက် အာဟာရတိုက်ကျွေးခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

| State/Region | Water points cleaned | Purification tablets distributed | Hygiene kits distributed |
|---|---|---|---|
| **Sagaing** | 45,773 | 10,752 | 3,571 |
| **Rakhine** | 28,124 | 174,451 | 26,608 |
| **Bago** | 19,146 | - | 319 |
| **Ayeyarwady** | 14,088 | 4,000 | 563 |
| **Magway** | 11,395 | - | 4,968 |
| **Kachin** | 9,522 | 17,000 | 336 |
| **Mandalay** | 4,518 | - | 330 |
| **Yangon** | 3,213 | - | 378 |
| **Mon** | 1,048 | - | 159 |
| **Shan** | 235 | - | 20 |
| **Chin** | 126 | 800 | 1,447 |
| **Kayin** | - | - | 300 |
| **Total** | **137,188** | **207,003** | **38,999** |

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အသေးစားအာဟာရဖြည့်စွက်မှုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ပြီး ထိုဒေသများတွင် အထူးသဖြင့် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရှိပြီးသားညှိနှိုင်းဆောင်ရွက်ရေး အစီအစဉ်များအပြင် အာဟာရဖြည့်စွက်ခြင်းကဏ္ဍ ညှိနှိုင်းဆောင်ရွက်မှုများကို လက်ရှိအခြေအနေတွင် ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် နေပြည်တော်တွင် စက်တင်ဘာလ(၂၉)ရက်မှ(၃၀)ရက်အထိကျင်းပပြုလုပ်သော မြန်မာအာဟာရဖြည့်စွက်ခြင်းဆိုင်ရာနည်းပညာကွန်ယက်(Myanmar Nutrition Technical Network)တွင် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အာဟာရဖြည့်စွက်ခြင်း အစီအစဉ်များကို ဆွေးနွေးခဲ့ကြပါသည်။ ထို့အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## ရေနှင့်သန့်ရှင်းရေး

အရေးပေါ်ရေနှင့်သန့်ရှင်းရေးအတွက်လိုအပ်ချက်သည် မြင့်မားလျက်ရှိပါသည်။လူသားချင်းဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများမှ ဘေးသင့်လူဦးရေ(၅၀၀,၀၀၀)ကျော်အတွက် အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အရေးပေါ်ရေနှင့်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ အရေးပေါ်ရေနှင့်ရေသန့်စင်ဆေးပြားများထောက်ပံ့ပေးခြင်းမှတဆင့် ရေနှင့်ပတ်သက်သောရောဂါများမဖြစ်ပွားစေရန် ကာကွယ်ရေးကိုအဓိကအာရုံစိုက်လုပ်ဆောင်နေပါသည်။

ယေဘူယျအားဖြင့်၊ နိုင်ငံတော်အစိုးရနှင့်ရေနှင့်သန့်ရှင်းရေးဆိုင်ရာအစုအဖွဲ့မိတ်ဖက်အဖွဲ့အစည်းများမှ ရေအရင်းအမြစ်(၁၃၇၁၈၈)ခုကို ကလိုရင်းဆေးခတ်ခဲ့သည့်အတွက် ပြီးခဲ့သည့်အစီရင်ခံစာတွင် တင်ပြခဲ့ပြီးဖြစ်သည့် ရေအရင်းအမြစ်(၁၂၈၄၉၇)ခုမှတိုးမြှင့်၍ ကလိုရင်းဆေးခတ်ခဲ့

ပြီးဖြစ်ပါသည်။ ထို့ပြင်ရေသန့်ဆေးပြား(၂၀၇၀၀၀)နှင့် ကျန်းမာရေးသုံးပစ္စည်းထုပ်(၃၉၀၀၀)ထုပ်အား ဖြန့်ဝေပေးပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါဇယားတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ဖြန့်ဝေထားရှိမှုအား ဖော်ပြထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်ရှိသောရေအရင်းအမြစ်များကိုသန့်ရှင်းစေရန်အတွက် ချေးချွတ်ဆေးမှုန့်၊ ကလိုရင်းဆေးပြားများနှင့် အိမ်သာခွက် ၁၉၇၀၀ ခုတို့ကို ရေဘေးသင့်တိုင်းဒေသကြီး၊ ပြည်နယ်များသို့ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ ရေနှင့်သန့်ရှင်းရေးအစုအဖွဲ့ မိတ်ဖက်အဖွဲ့အစည်းများသည် ပြောင်းရွှေ့ဒေသများ အထူးသဖြင့် ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အရေးပေါ်အိမ်သာများပေးခြင်းကို အဓိကထားလုပ်ဆောင်လျက်ရှိပါသည်။ ရေနှင့်သန့်ရှင်းရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် ရှေးဦးပြန်လည်ထူထောင်ရေးကဏ္ဍကို အထောက်အပံ့ပေးရန်အတွက် ရေကန်ပြန်လည်ထူထောင်ရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများပေး၍ ငွေကြေးထောက်ပံ့ခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ရေနှင့်သန့်ရှင်းရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ ဒေသတွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုများတိုးမြှင့်၍ လုပ်ဆောင်သွားမည်ဟု အစီရင်ခံတင်ပြထားပါသည်။

## ပြန်လည်ထူထောင်ရေး

### ရှေးဦးပြန်လည်ထူထောင်ရေး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအရ နိုင်ငံတော်အစိုးရ (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)သည် ကျပ်ငွေစုစုပေါင်း (၃.၁၄၁)ဘီလီယံကျော် (အမေရိကန်ဒေါ်လာ (၂.၆) သန်း)ကို ထောက်ပံ့ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအခြေခံအဆောက်အဦများထောက်ပံ့ခြင်းအပါအဝင် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ဆောင်ချက်များတွင် သုံးစွဲခဲ့ပါသည်။ ရှေးဦးပြန်လည်ထူထောင်ရေးမိတ်ဖက်အဖွဲ့အစည်းများသည် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်ရှိကျေးရွာ(၅)ရွာနှင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ကျေးရွာ(၅)ရွာတို့တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ပံ့မှုအစီအစဉ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီး၍ ငွေကြေးထောက်ပံ့ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်းပေး၍ ငွေကြေးထောက်ပံ့ခြင်းမှတဆင့်အိမ်ထောင်စုများသည် လယ်မြေများရှိနုန်းမြေများဖယ်ရှားနိုင်ခြင်း၊ ငါးကန်များ၊ လယ်မြေများသို့ရေသွင်းသောမြောင်းများ၊ ရွာလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများပြုပြင်ခြင်းတို့မှ ဝင်ငွေများရရှိပါသည်။ ရှေးဦးပြန်လည်ထူထောင်ရေးမိတ်ဖက်အဖွဲ့အစည်းများသည် လယ်ယာသုံးစက်ပစ္စည်းများ၊ လယ်ယာသုံးတိရစ္ဆာန်များနှင့် တိရစ္ဆာန်အစားအစာများကဲ့သို့သော အသက်မွေးဝမ်းကျောင်းဆိုင်ရာအထောက်အပံ့များကိုပေးခြင်းအားဖြင့် ဘေးအန္တရာယ်ကျရောက်ခံစားရသောလယ်သမားများ၊ ၎င်းတို့ကိုယ်တိုင်လုပ်ငန်းများပြန်လည်လုပ်ကိုင်လာနိုင်စေရန်ရည်ရွယ်ပြီး ထောက်ပံ့ပေးလျက်ရှိပါသည်။ စီမံကိန်းဆိုင်ရာဆောင်ရွက်ချက်များကို ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိကျေးရွာများကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍများအနေဖြင့် ရေလွှမ်းမိုးမှုဆိုင်ရာ တုံ့ပြန်ရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာဆောင်ရွက်ချက်များကို ပါဝင်လုပ်ကိုင်လျက်ရှိပါသည်။ CB-KMA ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ်ရှိရေလွှမ်းမိုးခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားသောလူနေအိမ်များနှင့် အခြေခံအဆောက်အဦများကိုပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိပြီး ခန့်မှန်းကုန်ကျငွေတန်ဖိုးမှာ မြန်မာကျပ်ငွေသန်းပေါင်း (၁၄၄၄.၇၉၅ သန်း)နှင့် (အမေရိကန်ဒေါ်လာ(၁.၁၅)သန်း)ဖြစ်ပါသည်။ ဖောင်ဒေးရှင်းအနေဖြင့် မြန်မာကျပ်ငွေသန်းပေါင်း (၁၀၀)(ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၈၃၀၀၀)ကို မြို့နယ်အဆင့်ပြန်လည်ထူထောင်ရေးဆပ်ကော်မတီမှတဆင့် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ မြန်မာ့အသေးစားချေးငွေဘဏ်က ရခိုင်ဒေသရှိ ရေဘေးသင့်ပြည်သူများ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် မြန်မာကျပ်ငွေသန်းပေါင်း (၄၀) (ခန့်မှန်းအမေရိကန်ဒေါ်လာ ၃၃၀၀၀)သုံး၍ အသေးစားချေးငွေလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပါသည်။

### ပညာရေး

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန တို့၏စာရင်းများအရဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မြေပြိုမှုနှင့်ရေလွှမ်းမိုးမှုများကြောင့် ကျောင်းပေါင်း (၄၄၅၆) ကျောင်းထိခိုက်ခဲ့ပြီး (၆၃၉) ကျောင်းပြိုကျပျက်စီးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ကျောင်းပေါင်း (၂၉၀)ကျောင်းထိခိုက်ပျက်စီးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း ဆုံးရှုံးမှုများဖြစ်ပွားခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာနသည် မြန်မာကျပ်ငွေသန်းပေါင်း(၄၃၇၄.၈၄၁)သန်း(ခန့်မှန်း အမေရိကန်ဒေါ်လာ (၃.၆) သန်း)အသုံးပြု၍ ကျောင်းများပြန်လည်ထူထောင်ရေး၊ ကျောင်းသုံးစာအုပ်များဖြန့်ဝေခြင်း၊ ကျောင်းဝတ်စုံများနှင့်ကျောင်းသုံးပစ္စည်းများထောက်ပံ့ပေးခြင်းနှင့် အာဟာရဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများထောက်ပံ့ပေးခြင်းတို့တွင် အသုံးပြုခဲ့ပါသည်။ ပညာရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့်ဆိုးရွားစွာထိခိုက်ခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်တို့ရှိ ကလေးသူငယ်ပေါင်း (၅၁၀၀၀)ကို ၂၀၁၅ ခုနှစ်အကုန်တွင် အဓိကထား ထောက်ပံ့ပေးရန်ရည်မှန်းထားပါသည်။ ထိုရည်မှန်းချက်အရ ကျောင်းနေအရွယ်ကလေးသူငယ်ပေါင်း(၃၂၅၀၀)ခန့်ကို ကျောင်းတက်ရောက်နိုင်ရေးအတွက် ထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းများနှင့်ကျောင်းများတွင်စိတ်အပန်းဖြေနိုင်ရေးပစ္စည်းထုပ်များ၊ စာရေးကိရိယာများအပါအဝင် ကျောင်းများအမြန်ပြန်လည်ပြုပြင်နိုင်ရန်အတွက် သွပ်များထောက်ပံ့ခြင်း၊ ယာယီကျောင်းအဖြစ်အသုံးပြုရန် ရွက်ဖျင်တဲများထောက်ပံ့ခြင်းနှင့်ရခိုင်ပြည်နယ်တွင် ယာယီသင်ကြားရေးနေရာများကို ပြန်လည်ထူထောင်ရေးအတွက် အကူအညီများပေးလျက်ရှိပါသည်။ ပညာရေးမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆိုးရွားစွာထိခိုက်ခံစားခဲ့ရသောဒေသများရှိ ကျောင်းများပြန်လည်ထူထောင်ရေးဆိုင်ရာ ကျောင်းသုံး အထောက်အပံ့များကို တိုးမြှင့်ထောက်ပံ့ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ဒေသဆိုင်ရာပညာရေးအာဏာပိုင်များနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် လက်တလောလိုအပ်ချက်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများစတင်လုပ်ဆောင်နေသော်လည်း တစ်ချို့ဝေးလံသောဒေသများရှိထိခိုက်ခံစားခဲ့ရသော ဘေးသင့်ပြည်သူများအနေဖြင့်အကူအညီများရရှိရန် လိုအပ်လျက်ရှိပါသေးသည်။ လူသားချင်းစာနာထောက်ထားမှုမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် သဘာဝအရင်းအမြစ်မရရှိမှုနှင့်ဘေးဒဏ်ခံစားခဲ့ရသောတိုင်းဒေသကြီး၊ ပြည်နယ်တို့တွင်လုပ်ဆောင်နေသော မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်

အားနည်းမှု၊ ထိုဒေသများတွင် အဓိကအားဖြင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမရှိခြင်းတို့ကြောင့် ပြန်လည်ထူထောင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်ဟု တင်ပြထားပါသည်။ ရှေးဦးပြန်လည်ထူထောင်ရေးအပိုင်းတွင် "building back better" မူဝါဒကိုအဓိကထား၍ ကာလရှည်ပညာရေး ကဏ္ဍစီမံကိန်းများ၏ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်အတူ ပြန်လည်ထူထောင်ရေး၌ ချောမွေ့သောကူးပြောင်းမှုကို အဆင်ပြေစေရေးတို့တွင် အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာလာစေရန် အရေးပါလှပါသည်။ ပညာရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကျောင်းများလုံခြုံစိတ်ချရမှုကို မြှင့်တင်ရေးတွင်အစိုးရသို့ ထောက်ပံ့ပေးရန်နှင့် ဘေးဒဏ်ခံနိုင်သောကျောင်းများတည်ဆောက်ရေးတို့တွင် ကူညီထောက်ပံ့မှုတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

## လုံခြုံရေးနှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ရေဘေးသင့်ဒေသများသို့ အပြည်ပြည်ဆိုင်ရာတုံ့ပြန်ရေးလုပ်ငန်းများအတွက် ထောက်ပံ့မှုများရရှိရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ဘေးကင်းလုံခြုံရေးနှင့် ဒေသန္တရလုံခြုံရေးတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်လျက်ရှိပြီး အရေးပေါ်ကွပ်ကဲမှုဗဟိုဌာနမှ ခရီးသွားလာခွင့်များကိုထုတ်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်း ဇူလိုင်လနှင့်ဩဂုတ်လများအတွင်းဖြစ်ပွားခဲ့သော ရေဘေးကြောင့်ပျက်စီးခဲ့သော မီးရထားလမ်းပိုင်းများပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ပြန်လည်ဖွင့်လှစ်ပြီးစီးမှုအခြေအနေတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | လမ်းပိုင်းများ | ထိခိုက်ပျက်စီးမှု | ပြန်လည်ဖွင့်လှစ်မှု |
|---|---|---|---|
| ၁။ | မန္တလေး-မြစ်ကြီးနား | တံတား ၅ စင်း၊ တမံ ၈ ခု | ဩဂုတ်လ ၁၆ ရက် |
| ၂။ | မန္တလေး-လားရှိုး | တံတား ၁ စင်း၊ | ဩဂုတ်လ ၇ ရက် |
| ၃။ | ရွှာထောင်-ရေဦး | တံတား ၃ စင်း | ဇူလိုင်လ ၇ ရက် |
| ၄။ | ရန်ကုန်-ပုသိမ် | တံတား ၂ စင်း၊ တမံ ၁ ခု | ဩဂုတ်လ ၂၁ ရက် |
| ၅။ | လက်ပံတန်း-သာယာဝတီ | ခမုံဆိပ်တံတား | စက်တင်ဘာလ ၁၄ ရက် |

ဇူလိုင်လ ၂၅ ရက်နေ့တွင် ရေဘေးကြောင့် ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ တံတားလမ်းပိုင်း ၈ ခု ပျက်စီးခဲ့ပါသည်။ ထိုတံတား ၈ ခုအနက် တံတား ၇ခု အားပြန်လည်တည်ဆောက်ပြီးဖြစ်ပါသည်။ ကျန်ရှိသောတံတားလမ်းပိုင်းဖြစ်သည့် ကလေးမြို့နယ်အနီးရှိ ဂန့်ဂေါ-ကလေးလမ်းပေါ်တွင် တည်ရှိသောညောင်ချောင်းတံတားအား တည်ဆောက်လျက်ရှိပြီး အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြန်ဖွင့်မည်ဖြစ်ပါသည်။



ဂန့်ဂေါ-ကလေးလမ်းပိုင်းရှိ ညောင်ချောင်းတံတားပြုပြင်မှုအခြေအနေ ဓါတ်ပုံ-မြန်မာ့မီးရထား


## ပေါင်းစပ်ညှိနှိုင်းခြင်းကဏ္ဍ


နိုင်ငံတော်ဒုတိယသမ္မတဦးဉာဏ်ထွန်းဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်အဆင့်သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိပြီး ဒေသနှင့်လိုက်လျောညီထွေသည့် လုပ်ငန်းဆောင်ရွက်မှုစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းရန် တာဝန်ရှိသော အရေးပေါ်ကွပ်ကဲမှုဗဟိုဌာန Emergency Operation Centre (EOC)၊ ဘေးသင့်ဒေသများအမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ Recovery Coordination Centre (RCC)နှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းရေးဆွဲရေးဖိုရမ် Recovery Planning Forum တို့မှတဆင့်ကယ်ဆယ်ရေး နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဆက်သွယ်ရန်**

ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းရေးဌာနခွဲ(ရန်ကုန်တိုင်းဒေသကြီး)
အမှတ်(၉)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရပ်ကွက်(၃)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၆၆၁၈၁၂၊ ၆၅၂၆၉၉၊ ၃၇၄၃၀၁၊ ၀၉ ၅၁၁၁၃၆၈

ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းရေးဌာနခွဲ(မန္တလေးတိုင်းဒေသကြီး)
ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်း (၃၀)၊ မန္တလေး။
၀၂-၃၉၂၈၄၊ ၃၉၂၈၆၊ ၀၉ ၅၀၃၅၆၀၈


MIMU
Myanmar Information Management Unit
Recultivated Farmland (Acres) in Flood/Landslide Affected Areas
Myanmar - (As of 4 October 2015)
Government of Canada
Gouvernement du Canada
Total Farmland (acres)
Inundated 1,494,834
Damaged 1,146,275
Destroyed 872,667
Recultivated 492,892
INDIA
CHINA
Bangladesh
Laos
Thailand
Bay of Bengal
Andaman Sea
Myitkyina
8,804
15,944
33,552
74,172
184,691
223,855
Hakha
372
5,911
5,911
Mandalay City
Sagaing
5
283
3,583
469
4,166
13,513
Taunggyi
Sittwe
215,792
273,154
291,219
Magway
15,339
96,846
96,846
Nay Pyi Taw City
Loikaw
KAYAH
106,330
229,989
376,446
Bago
106
648
1,162
Hpa-An
Yangon City
27,232
76,941
116,894
Pathein
44,271
255,408
318,843
Mawlamyine
0
2,294
13,010
Dawei
TANINTHARYI
Legend
Capital
State Capital
Coastal Line
State/Region Boundary
International Boundary
Recultivated Farmland
Damaged Farmland
Inundated Farmland
Not Affected Area
Map ID: MIMU1333v02
Creation Date: 6 October 2015.A4
Projection/Datum: Geographic/WGS84
Data Sources:Ministry of Agriculture and Irrigation
Base Map: MIMU
Boundaries: WFP/MIMU
Place names: Ministry of Home Affairs (GAD)
info.mimu@undp.org
www.themimu.info
Kilometers
0 70 140 280
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.